

Art work of Finger Tip Art Group

# ငြိုးမာန်

## ခိုင်မီမီဇင်

## အပိုင်း (၁)

ငွေသောင်ယံဦး၏ ညနေဆည်းဆာချိန် တစ်ခု . . .။

သဘာဝအလှ ကွန်ရက်ဖြန့်မိုးထားသည့် ကမ္ဘာ့မြေပြင်ပေါ်တွင် သူသူငါငါတွေထက် အလှလွန်ကဲ နေသူကလေးတစ်ဦး ရှိနေပါ၏ ။

သူလေးသည် သူ့အသား ဖြူဖြူဝင်းဝင်းလေးပေါ်တွင် အဖြူရောင်ဝတ်စုံကလေးကို ဝတ် ဆင်ထားပြီး နက်မှောင်ရှင်သန်၍ အုပ်အုပ်ဖားဖားရှိလှသည့် သူ့ဆံကေသာကို ဖားလျားချထားနေ ပါ၏ ။

ဆံပင်တို့သည် လေချိုရာ ဘယ်ညာသို့ လူးကာလွန့်ကာနေသည်ကဲ့သို့ သူ့ခါးက ထဘီဖျား ကလေးသည်လည်း လေတွင် တဖျပ်ဖျပ်နှင့် . . .။

ပင်လယ်ရေပြင်၊ ရေဝန်းနီနီနှင့် . . ကျောက်ဆွယ်၊ ကျောက်စွန်းတို့ကို နောက်ခံထား၍ လှပ သော မိန်းကလေးငယ်၏ အလှကို မြင်တွေ့ကာ စက္ကူအာရုံတွင် စွဲငြိနေသူတစ်ဦးကလည်း ထိုငွေ သောင်ယံတွင် ရှိနေပါ၏ ။

ထိုသူ၏ ရှေ့တွင် သုံးချောင်းထောက် ခုံကလေးပေါ်၌ ပိတ်ကားတစ်ချပ်က ရှိနေသည်။

သူ့လက်ထဲတွင် တစ်ဖက်က ဆေးခွက်၊ တစ်ဖက်က စုတ်တံနှင့် . . .။

ပီတိနှလုံး လွန်စွာပြုံးမိလေဟန်ဖြင့်၊ ထိုသူသည် ကိုယ်ဟန်မူရာ ကြော့ရှင်းလှပနေသော အ ဖြူရောင် မင်းသမီးကလေး၏ ရုပ်ပုံလွှာကို လျင်မြန်စွာ ကောက်ကြောင်းချလိုက်သည်။

ပင်လယ်ပြင်၏ အလှနှင့် သဘာဝ သက်သက်ကိုသာ ရေးဆွဲမည်ဟု စီစဉ်လာခဲ့သော အ ကြံအစည်များ ယခုတော့ ပျက်ရပါလေပြီ။

သွက်လက်နေသော စုတ်ချက်သည် သူ၏ စိတ်ကူးစိတ်သန်း၊ ဉာဏ်စွမ်းအားတစ်ခုတည်းဆီ က မဟုတ်ဘဲ သူကလေးအပေါ်တွင် အသည်းနှလုံးမှ စွဲငြိနေသော အားလည်း ပါဝင်နေပေ၏ ။

ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့၍ . . .

စိတ်စွမ်းအားနောက်သို့ လက်က စုတ်တံက လိုက်မိနေစဉ် . . .

"ဟင် . . . မင်း . . ဒါ ဘာလုပ်တာလဲ၊ ကာကယံရှင်ရဲ့ ခွင့်ပြုချက်ကို မင်းမတောင်းဘဲ ခိုး ကြောင်ခိုးပုက် ဆွဲနေတယ် . . . ဟုတ်လား"

နှုတ်သီးကောင်း လျှာပါး ရန်ထောင်လိုက်သူ၏ အသံက နိုင်မိုးဆွေ၏ ကိုယ်လုံးကြီးကို ဆတ် ခနဲ တုန်သွားစေခဲ့ပါသည်။

" ဟင် . . . ခင် . . . ခင်ဗျားက . . . "

" အဟင်း . . . သူခိုးလူမိတဲ့ပုံနဲ့၊ ငါက မင်းဆွဲနေတဲ့ ဟိုမိန်းကလေးရဲ့ အစ်မပဲ "

နှုတ်ခမ်းရဲရဲကို မဲ့ကာရွဲ့ကာနှင့် ဝေးဝေးဆီမှာ ရပ်နေသော မိန်းကလေးထံသို့ ပြကာ ဒေါ်စွာ တေးက ပြောလိုက်ပါသည်။

"စိတ်မရှိပါနဲ့ မမရယ်၊ ဒီညနေခင်းနဲ့ လိုက်ဖက်ပြီး မမညီမလေးက သိပ်လှနေလို့ ကျွန်တော် ဆွဲလိုက်မိတာပါဗျာ။ ကျွန်တော့်နာမည် နိုင်မိုးဆွေပါ၊ ရန်ကုန်ကပါ၊ ပန်းချီပြိုင်ပွဲဝင်ဖို့ ဒီမှာ လာလေ့ ကျင့်နေတာပါ၊ ကျွန်တော်က ဒုတိယနှစ် မြန်မာစာ တက် . . . "

" တိတ်စမ်းပါ၊ ဒီက လူဝင်မှုကြီးကြပ်ရေးက မဟုတ်ဘူး၊ ရှင့်ကို ဘယ်သူ့မှလဲ ရိုက်စစ်မနေ ဘူး၊ ရာရာစစ . . . ငါ့ ညီမပုံတူ ဆွဲနေတဲ့ကိစ္စပဲပြောမယ်၊

ခု . . . ဆွဲဆုတ်ပစ်လိုက်ပါ ”

ဒေါနဲ့မာန်နဲ့ ခပ်စွာစွာ ပြောလိုက်သည်။ သူ့ကို မျက်စိမျက်နှာမကောင်းလှစွာဖြင့် နိုင်မိုးဆွေ က ကြည့်လိုက်သည်။

“ ပြောနေတယ်လေ . . . ရှင့်မှာ နားမပါဘူးလား ”

“ တန်ဖိုးမဖြတ်နိုင်တဲ့အနုပညာကို ဖျက်ဆီးပစ်ဖို့ဆိုတာ ကျွန်တော့်အတွက်တော့ လွယ် လွယ်နဲ့ မဆုံးဖြတ်နိုင်ပါဘူး၊ ကျွန်တော် . . . ”

“ လျှာရှည်လိုက်တာ၊ သူခိုးက လူမိတာတောင် ဆင်ခြင် ဆင်လက်တွေ ပေးနေတယ်၊ ဒီ လောက်တောင်ရှိတာဟယ် ကဲ ကဲ . . . ကဲ . . . ”

“ ဟ ခင်ဗျား . . . ခင်ဗျား ”

“ နင် ငါ့လက်ကိုလွှတ်စမ်း၊

မတူမတန် ငါ့လက်ကို ကိုင်ရတယ်လို့ ”

ပန်းချီကားကို ဆုတ်ဖြဲပစ်ဖို့ ကြိုးစားနေသူကို နိုင်မိုးဆွေက အတင်းလိုက်ဖမ်းနေ၏ ။

သည်မြင်ကွင်းကို အနောက်သို့ အမှတ်မထင်လှည့်ကြည့်မိသော အဖြူရောင်မင်းသမီးလေး က တွေ့မြင်သွား၏ ။

မျက်လုံးကလေးများ ဝိုင်းခနဲဖြစ်သွားပြီး သူနှင့်ခပ်လှမ်းလှမ်းတွင် ခရကောက်နေသော အ မျိုးသမီးတစ်ဦးကို လှမ်းအော်လိုက်သည်။

“ မမဒါလီ . . . မမဒါလီ၊ ဟိုမှာ ဟိုမှာ၊ မမသိင်္ဂီရန်ဖြစ် ရန်ဖြစ်နေတယ်”

“ မြသိင်္ဂီနှင့် အမွှာညီအစ်မဖြစ်သော မြဒါလီကို သူတို့၏ ညီမ အထွေးဆုံးလေးက ပြော လိုက်သည်။

“ ဟဲ့ ဟဲ့ အောင်မလေး၊ ဘယ်သူနဲ့သွားရန်ဖြစ်နေတာလဲ ဒုက္ခပါပဲ၊

မမသိဂ်ီ မမသိဂ်ီ’’

ဒါလီမည်သော မိန်းကလေး ပြေးသွားရာနောက်သို့ အဖြူရောင်မင်းသမီးကလေးလည်း ပြေးလိုက်ခဲ့သည်။

“မမသိဂ်ီ . . . မလုပ်နဲ့ . . . မလုပ်နဲ့လေ”

အနီးသို့ရောက်သောအခါ ဒေါသအိုးဝက်ဝက်ကွဲနေသော အစ်မဖြစ်သူကို ဒါလီတို့နှစ် ယောက် အတင်းဝင်ဆွဲကြ၏။

“ နင်တို့ဘာသိလဲ၊ သူက ဒီအကွယ်ကနေ ဝတ်ရည်ရဲ့ ပုံတူကိုဆွဲနေတာ၊ နောက်ကနေ ငါ ရောက်လာလို့သာပေ့ါ ’’

“ ဟင် ဝတ်ရည်ရဲ့ပုံတူ . . .’’

ဝတ်ရည်က စုတ်ပြတ်သွားသော သူ့ပုံတူ အစအနကလေးများကို ကိုင်တွယ်ကြည့်ရင်း သူ့ ကို ရပ်ကြည့်နေသော သူစိမ်းယောကျ်ား၏ မျက်နှာကိုကြည့်လိုက်သည်။

ထိုသူ၏ အကြည့်များက ဝတ်ရည်၏ အသည်းနှလုံးသို့ ဖောက်ဝင်သွားသည့်နှယ် ဝတ်ရည် ခံစားလိုက်ရသည်။

“ စိတ်မရှိပါနဲ့ကွာ၊ အနုပညာမျက်စိနဲ့ သဘာဝရှုခင်းအောက်မှာ မင်းလေးကိုတွေ့လိုက်ရလို့ ကိုယ် . . . ကိုယ်ဆွဲလိုက်မိတာပါ ၊ ကာယကံရှင်ကို ခွင့်မတောင်းမိတာ ကိုယ့်အပြစ်ပါပဲ ’’

အမျိုးကောင်းသားအသွင်ဖြင့် ရည်မွန်စွာတောင်းပန်ပြီး နိုင်မိုးဆွေသည် သူ့ပစ္စည်းပစ္စယ များကို သိမ်းဆည်းကာ အုန်းတောဘက်သို့ ထွက်ခွာသွား၏ ။

ဝတ်ရည်စိတ်မကောင်းဖြစ်သွားမိပြီး အစ်မဖြစ်သူ၏ မျက်နှာကိုကြည့်လိုက်သည်။

“နင် ဘာကြည့်တာလဲ နှင်းဝတ်ရည်၊ မကျေနပ်လို့လား’’

“မမသိင်္ဂီ ရိုင်းသွားတယ်”

“ဘာ”

“ဟုတ်တယ် မမသိင်္ဂီ၊ မကျေနပ်ရင်လဲ အကျိုးအကြောင်းပြောပြီး မဆွဲခိုင်းလဲရတာ ပဲ၊ သူ့ ကိုကြည့်ရတာ လူကောင်းတစ်ယောက်ပါ၊ ခုလိုလုပ်လိုက်တာ မရိုင်းဘူးလားလို့”

“နှင်းဝတ်ရည်၊ ငါက နင့်အစ်မအကြီးဆုံး၊ အစ်မကြီး အမိအရာပဲ၊ ငါမသင့်တော်ဘူးလို့ယူဆ လို့ လုပ်တာ နင်ဝင်ပြီး ဝေဖန်စရာ မလိုဘူး၊ သွား အဆောင်ပြန်တော့ ဒါလီ သူ့ကို ခေါ်သွား”

“ဟုတ် . . . ဟုတ် . . . လာ . . . လာ ညီမလေး”

နှင်းဝတ်ရည်၏ လက်ကိုဆွဲကာ မြဒါလီခေါ်လိုက်သည်။

နှင်းဝတ်ရည်သည် မြဒါလီခေါ်ရာနောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွားခဲ့ပါ၏ ။

မြသိင်္ဂီကတော့ တစ်ရှူးထိုး ဒေါသခိုးတွေထွက်၍ နိုင်မိုးဆွေ သွားရာဘက်သို့ ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

*

## (၂)

“လာ . . . ဝတ်ရည်ရဲ့၊ မြန်မြန်လာ”

နှင်းဝတ်ရည်သည် သူ့လက်ကောက်ဝတ်ကို တစ်အားဆွဲ၍ မြဒါလီခေါ်ဆောင်သွားရာ နောက်သို့ ယက်ကန်ယက်ကန်နှင့် နောက်သို့ကြည့်ရင်း ပါသွားသည်။

“နေပါဦး မမဒါလီရဲ့၊ ဟိုလူနဲ့မမသိင်္ဂီဆက်ရန်ဖြစ်နေရင်

ဘယ့်နှယ့်လုပ်မလဲ''

''ဖြစ်ဖြစ်၊ အဲဒီ ပြဿနာ သူ့ဘာသာသူ ဆက်ရှင်းလိမ့်မယ်၊ သူတို့ထဲ တို့မပါဖို့ဘဲ လိုတယ်''

သူတို့တည်းခိုသော ငွေယောင်ယံဦး တည်းခိုခန်းရှေ့သို့ ရောက်တော့မှပဲ မြဒါလီသည် နှင်း ဝတ်ရည်လက်ကို လွှတ်ပေးလိုက်သည်။

နှင်းဝတ်ရည်သည် နီရဲသွားသော သူ့လက်ကောက်ဝတ်ကလေးကို ဖိကိုင်ထားရင်း စူတူမူ တူ အလိုမကျသော မျက်နှာကလေးဖြင့် အဝေးဆီသို့ ကြည့်နေ၏ ။

''ဒီပန်းချီဆရာက တို့ညီမလေးကသိပ်လှလို့ ခိုးဆွဲတာ နေမယ်နော်''

စဉ်းစဉ်းစားစား အမူအရာဖြင့် မြဒါလီက ပြောလိုက်သည်။

''မမသိဂီကို မကျေနပ်ပါဘူး၊ ရိုင်းတယ်၊ သူများကို အကျိုးရယ် အကြောင်းရယ်လို့ ပြောပါ လား၊ အခုတော့ ဆွဲနေတဲ့ ပန်းချီကားကို ဆုတ်ဖြဲပစ်ရတယ်လို့၊ အားနာဖို့ကောင်းတယ် အရမ်းပဲ''

''ဟဲ့ . . . ဟဲ့ ကောင်မလေးလေ သိဂီကြားသွားလို့ ဝတ်ရည်ကို မာန်နေဦးမယ်၊ သူစိမ်း ဘက်က နာနေလိုက်တာ ဝတ်ရည်ရယ်''

''နာတာမဟုတ်ပါဘူး၊ ကိုယ်လုပ်တာ တစ်ဖက်သားအမြင်မှာ သိပ်ရိုင်းသွားတာကို ဝတ်ရည် က ပြောတာပါ၊ မမ ဒါလီရဲ့''

''တော် . . တော် ဒီကိစ္စ ဒီမှာတင်ဖြတ်တော့၊ မမေတို့ ဖေဖေတို့နားကိုပေါက်ရင် တို့ညီ အစ်မတစ်တွေ အနေကျုံ့ရဦးမယ်၊ ပြောရင်းဆိုရင်း ဟိုမှာ မေမေထွက်ကြည့်နေပြီ၊ အပေါ်တက် ကြစို့''

မြဒါလီက သူ့လက်ကလေးကို ဆွဲခေါ်လိုက်သဖြင့် နှင်းဝတ်ရည်လည်း ထိုင်ရာမှ အသာထ ထိုင်လိုက်သည်။

မျက်စိထဲတွင်တော့ စောစောကအဖြစ်အပျက်နှင့် မြင်ကွင်းသည် ပျောက်ကွယ်သွားခြင်းမရှိ ခဲ့သည်သာမက တည်တည်ကြည်ကြည်နှင့် ခန့်ခန့်ညားညားရှိလှသော ပန်းချီဆရာ၏ ရုပ်သွင် သည် သူ့မျက်စိထဲ စွဲထင်နေ၏ ။

''အို . . . ငါ ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာ လဲ၊ ဒီလူစိမ်းအတွက် . . . ငါ စဉ်းစားရမှာက ကို စစ်အောင်ကျော်အကြောင်းပဲ၊ သူကလွဲလို့ ဘယ်သူ့ကိုမှ ငါ့ခေါင်းထဲ ထည့်မထားရဘူးဆိုတဲ့ပညတ် ချက်တွေ ငါမေ့သွားလို့ မဖြစ်သေးဘူး''

နှင်းဝတ်ရည်က သူ့ဦးခေါင်းကို ယမ်းခါပစ်လိုက်သည်။

''ဟဲ့ ဒါလီနဲ့ ဝတ်ရည် နင်တို့မမကြီးကော''

တည်းခိုဆောင်၏ ဂရန်တာဆီမှ အောက်သို့ငုံ့ကြည့်ကာ သူတို့မိခင် ဒေါ်ထက်ထက်ထွန်း က မေးလိုက်သည်။

''နောက်မှာ လာနေပါပြီ မေမေ''

မြဒါလီက ဖြေလိုက်သည်။

'' တယ်ခက်တာပဲ၊ ညီအစ်မတစ်တွေ တစုတည်းသွား တစုတည်းလာဖို့ ပြောထားရက်နဲ့''

မိခင်၏ စကားကို အတွန့်မတက်ဝံ့တော့ဘဲ မြဒါလီနှင့် နှင်းဝတ်ရည်တို့သည် သူတို့၏ အိပ် ခန်းရှိရာသို့ ဆက်ထွက်ခဲ့ကြသည်။

မကြာမီ . . မြသင်္ဂီရောက်ရှိလာသံကို ကြားလိုက်ရသည်။

''ညီမလေးတွေနဲ့ ဘာဖြစ်လို့ အတူမလာတာလဲ သမီးကြီး''

''သမီး သူငယ်ချင်းတစ်ယောက်နဲ့ တွေ့နေလို့ပါ မေမေ''

ထိုမျှသာပြောပြီး မြသိင်္ဂီသည် နှင်းဝတ်ရည်နှင့် မြဒါလီရှိသောအခန်းထဲသို့ ရောက်ရှိလာ၏ ။

သူက ခုတင်စွန်းတွင်ထိုင်နေသော ညီမနှစ်ယောက်ကို ကြည့်လိုက်သည်။

“ဘာဖြစ်နေကြတာလဲ”

သူ့ညီမနှစ်ယောက်ကို သိမ်းကျုံးကြည့်ပြီး ခင်တည်တည်ကြီး မေးလိုက်သည်။

“ဘာ ဘာမှမဖြစ်ပါဘူး မမသိင်္ဂီရဲ့”

ညီအစ်မသုံးယောက်ထဲတွင် လူက အမြဲတမ်းသွေးအားနည်းပြီး ဖြူဖျော့နေတတ်သော၊ အ

ကြောက်ကြီးတတ်သော မြဒါလီက ဖြေလိုက်သည်။

“ဒါ ဇာတ်လမ်းအစပဲ၊ ဒါ ယောကျ်ားတွေရဲ့ ပညာ၊ ဒီနည်းမျိုးတွေနဲ့ နောက်တော့ ကိုယ့်ကို ချဉ်းကပ်လာမှာ၊ ဒါကို ကျပ်ကျပ် သတိထားရမယ်၊ နှင်းဝတ်ရည်၊ နင်က ငယ်သေးတယ် ဘာမှမသိ ဘူး”

“မမသိင်္ဂီကလဲ စိတ်ကူးနဲ့ လျှောက်ပြောနေတယ်၊ သူ့စိတ်ထဲ ဘယ်လိုရှိရှိပေ့ါ၊ ကိုယ်ကမပါ ရင် ပြီးတာပဲ ခုတော့ မမ သိင်္ဂီလုပ်လိုက်တာ တစ်ဖက်သားအမြင်မှာ သိပ်မရိုင်းသွားဘူးလား”

“အောင်မာ နင်က ငါ့ကို အပြစ်တင်နေတာလားဟင် မိဝတ်ရည်၊ အမြင်မှာ ငါကရိုင်းတယ် ပဲထား ဘာမှုရမှာလဲ၊ ငါကြည့်ရမှာက ညည်းလေးကိုအေ့၊ မနူးမနပ်နဲ့ မဖြစ်သင့်တာတွေ ဖြစ်လာမှာ စိုးလို့၊ နားလည်လား၊ နင့်ကို အကာအကွယ်ပေးဖို့ ငါ့မှာ လုံးဂတာဝန်ရှိတယ် မိဝတ်ရည်”

“ဟဲ့ ဟိုညီအစ်မတွေ အခန်းထဲဝင်ပြီး ဘာတွေတွတ်ထိုးနေကြတာလဲ၊ ထမင်းသွားစားကြ မယ် ထွက်ခဲ့တော့”

“ဟုတ်ကဲ့ လာပါပြီ မေမေ”

မြဒါလီက ထိုင်ရာကထပြီး နှင်းဝတ်ရည်လက်ကို ဆွဲလိုက်သည်။

နှင်းဝတ်ရည်ကို ခပ်စူးစူးတစ်ချက်ကြည့်ပြီး မြသိင်္ဂီသည် မှန်တင်ခုံရှေ့တွင် သူ့မျက်နှာကို ပေါင်ဒါတို့လိုက်ပြီး နောက်ကနေ အပြေးကလေးလိုက်လာ၏။

"ပစ္စည်းတွေလဲ သေသေချာချာကြည့်ထားဦး၊ ဆေးပေ့ါလိပ်ဖွာပြီး ငိုက်ကောင်းမနေနဲ့"

သူတို့၏ နှင်းပုလဲရိပ်မြုံမှ အိမ်ဖော်မကြီးဒေါ်မှင်ကို မြသိင်္ဂီက လှမ်းငေါက်သွားလိုက်သည်။

မြသိင်္ဂီ၏ နောက်ကွယ်တွင် ဒေါ်လေးမှင်၏ မျက်နှာမှာ မဲ့နေပါ၏။

ဦးမိုးလွင်နှင့်ဇနီး ဒေါ်ထက်ထက်ထွန်းတို့သည် သူတို့မွေးထားသော သမီးကညာ အချောအလှ သုံးဦးနှင့်အတူ ငွေသောင်ယံစားတော်ဆက်ဆီသို့ ရောက်ရှိလာခဲ့ကြသည်။

ကိုယ်ကြိုက်ရာကိုမှာယူ၍ မြိန်ရေရှက်ရေစားသောက်နေကြစဉ် နှင်းဝတ်ရည်ထိုင်သော နေ ရာမှသာ မြင်ရသော ချောင်ကျကျစားပွဲတစ်ခုတွင် ဘီယာသောက်နေသောအမျိုးသားနှစ်ဦးကို နှင်း ဝတ်ရည် အမှတ်မထင် တွေ့လိုက်ရသည်။

ထိုအမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ ညနေက သူ့မမကြီးနှင့် အချင်းများခဲ့သောပန်းချီဆရာဖြစ်နေ၏။

အမှတ်မထင် တွေ့လိုက်ရသူကို နှင်းဝတ်ရည်သည် မရည်ရွယ်ဘဲ တစ်ချက်ပြုံးပြမိလိုက် သည်။

ထိုသူထံမှ တုံ့ပြန်သောအပြုံးကိုလည်း နှင်းဝတ်ရည် ရလိုက်သည်။ ရင်ခုန်သံ ကမောက် ကမ ဖြစ်သွားရပါ၏။

မလုံမလဲစိတ်ဖြင့် အစ်မဖြစ်သူကို ကြည့်လိုက်တော့ သူ့ပန်းကန်ထဲက ပင်လယ်ပုစွန်ထုပ် ကြီးကို ဇွန်းခက်ရင်းတွေဖြင့်ထိုးကာ ကိစ္စများနေသည်ကို တွေ့ရသည်။

"ဟင်း တော်ပါသေးရဲ့"

အသက်ရှူချောင်သွားပြီး နှင်းဝတ်ရည်သည် သူ့ပန်းကန်ထဲက ထမင်းကို ဣန္ဒြေမပျက် ငုံ့စားနေ၏ ။

"သမီးတို့ ဒေါ်ဒေါ်မှင်အတွက်လဲ ပါဆယ်မှာထားကြဦးလေ"

"ဟုတ်ကဲ့ပါ မေမေ"

မြသိင်္ဂီက စားပွဲထိုးကလေးကိုခေါ်၍ ဒေါ်မှင်အတွက် ကြာဆံကြော်တစ်ပွဲ မှာလိုက်သည်။

"သမီးကြီးရယ် တခြားတစ်မျိုးပြောင်းမှာပါဦး၊ နေ့တိုင်း ကြာဇံကြော်ချည်းပဲ ဘယ်ကောင်းပ့ါ မလဲ"

"ရတယ် မေမေ သူစားပါတယ်၊ နေ့ခင်းကလဲ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်တွေ သမီးတို့ ကျန်သမျှ သူအကုန်လိုမ့်စားထားတာ၊ ညလဲ တောက်တိုမယ်ရ စားရရင် ဝင်ပါဦးမှာပဲ၊ ဒါဆို တော် ပြီ"

"အေးလေ ဒါဆိုလဲ ပြီးတာပဲ"

သမီးကြီး၏ အစီအစဉ်ကို ဒေါ်ထက်ထက်ထွန်းက လက်ခံလိုက်သည်။

*

## (၃)

နေခြည်နုနုအောက်တွင် လှိုင်းဖွေးဖွေးကြီးများက ကမ်းခြေဆီသို့ တလိပ်လိပ်တက်လာနေ ၏ ။

ငွေသောင်ယံ ကမ်းခြေပတ်လည်တွင် လေညင်းခံသူ လမ်းလျှောက်သူများ ရှိနေသည့်ကဲ့သို့ ပင်လယ်ပြင်တွင် ရေကူးသူ၊ လှိုင်းစီးသူများလည်း ရှိနေကြသည်။

အနီရောင်၊ အပြာရောင်၊ အဝါရောင်ရေကူးဝတ်စုံကလေးများကို ဝတ်ဆင်ထားသော မိန်းမ လှလေးသုံးဦးကတော့ လေမွေ့ရာကြီးပေါ်တွင် လှဲထိုင်ကာ ငြိမ်၍ လှိုင်းစီးနေသည်။

"လာ လှိုင်းစီးရတာ ပျင်းလာပြီ၊ ရေကူးမယ်"

"ဟင့်အင်း . . ဟင်းအင်း ဒါလီမကူးရဲဘူး ကြောက်တယ်"

"အို . . .ဘာကြောက်စရာရှိလို့လဲ၊ နင်ပဲ ပင်လယ်မှာ ရေကူးချင်လှချည့်ရဲ့ဆို"

"အဲဒါ စိတ်ကူးယဉ်ပြီးပြောတာ၊ တကယ် ပင်လယ်ကိုမြင်ရတော့ ကူးရမှာကြောက်တယ်"

"ငါရှိတယ် ဘာမှမကြောက်နဲ့"

"မမသိင်္ဂီကလဲ သူမကူးချင်တဲ့ဥစ္စာကို"

"နင်မရှည်နဲ့ နှင်းဝတ်ရည်၊ ငါဒါလီကိုခေါ်နေတာ၊ နင့်ကိုခေါ်နေတာ မဟုတ်ဘူး လာ . . . ဒါလီ"

"အား . . . ဂျုး"

မြဒါလီ၏ လက်ကိုဆွဲကာ ရေထဲသို့လိုမ့်ချလိုက်သဖြင့် မြဒါလီမှာ ကိုးရိုးကားယား ရေထဲသို့ ကျသွားရတော့သည်။

"ဟွန်း . . . အရမ်းမိုလ်ကျတာပဲ"

မကျေမနပ်ပြောကာ နှင်းဝတ်ရည်က မျက်နှာကလေးကို

တစ်ဖက်သို့လှဲ၍ မျက်လုံးများကို မှိတ်ထားလိုက်သည်။

သူ့မျက်စိထဲတွင် မြင်ယောင်မိနေသူက ပန်းချီဆရာ။

"ခက်လိုက်တာ၊ သူ့ကိုပဲ မေ့ပျောက်မရအောင် ဖြစ်နေပြီ"

"ကြည့်စမ်း ကြည့်စမ်း ရှင့်သမီးကြီး ဒါလို့ကိုဗိုလ်ကျပြန်ပြီ"

"ခင်ဗျား သမီးကြီးပါဗျာ၊ ကျုပ်သမီးမဟုတ်ပါဘူး၊ ကျုပ်သမီးနှစ်ယောက်က နူးညံ့တယ်၊ သိမ်မွေ့တယ်၊ ယဉ်ကျေးတယ်ဗျ"

"ရှင် . . ရှင် ကျွန်မကို စကားနာမထိုးနဲ့နော်၊ နေရာတကာ ပျော့စိပျော့ဖတ်လုပ်နေရင် ကိုယ့်ခေါင်းကို လူများကနင်းသွားမှာပေါ့ရှင့်၊ ရှင့်ကိုကြည့်ပါလား ဘယ်သူကများကြောက်သလဲလို့"

လင်မယားနှစ်ယောက် တစ်ဦးကိုတစ်ဦး စကားနာထိုးနေကြစဉ် ပင်လယ်ပြင်၌ ပြဿနာ တက်နေ၏။

မြဒါလီတစ်ယောက် လှိုင်းဆွဲရာနောက်သို့ ပါပြီး ရေနစ်နေပါလေပြီ . . .။

နှင်းဝတ်ရည်သည် မွေ့ရာပေါ်မှ ရေထဲခုန်ချပြီး မြဒါလီကို မြသိင်္ဂီနှင့်အတူ ကယ်ဖို့ကြိုးစား သော်လည်း ဖမ်းမမိနိုင်ဘဲ ဖြစ်နေ၏။

"အောင်မလေး . . . အောင်မလေး ကိုမိုးရဲ့ လုပ်ပါဦး၊ ထက်သမီးလေး ရေနစ်နေပြီ"

ဒေါ်ထက်ထက်ထွန်းသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ သောင်ပေါ်တွင်ပြေးရမလို သည်ပြေးရမလို ဖြစ်နေ၏။

"ဟ . . ဟ လုပ်ကြပါဦး၊ ကယ်ကြပါဦး"

"အို ရှင်က ရေထဲ ဘာကိစ္စဆင်းမှာတုံး၊ ရှင်ကသွားကယ်နိုင်လို့လား"

ဒေါ်ထက်ထက်ထွန်းက ခင်ပွန်းသည်၏ ခါးစကို အတင်းဆွဲထားနေ၏။

သောင်ပြင်ပေးတွင် အော်ကြဟစ်ကြ၊ အထိတ်တလန့်ဖြစ်နေကြသည်ကိုတွေ့ရလျှင် နိုင်မိုး ဆွေသည် လက်ထဲကစုတ်တံကို ပစ်ချကာ သောင်ပေါ်တွင် မာရသွန်အပြေးသမားတစ်ဦးကဲ့သို့ ပြေး၍ ရေထဲသို့ ခုန်ဆင်းလိုက်သည်။

လိပ်လိပ်တက်လာသော လှိုင်းလုံးများကိုကျော်၍ ရေတွင် ဖျံတစ်ကောင်ကဲ့သို့ကူးခပ်နိုင် သော နိုင်မိုးဆွေသည် မြဒါလီကို အသက်နှင့်ခန္ဓာတွဲလျက် ကယ်တင်လာခဲ့နိုင်သည်။

"ကျေးဇူးတင်လိုက်တာ မောင်မင်းကြီးသားရယ် ကျေးဇူးတင်လိုက်တာ၊ သမီး . . သမီးမြဒါ လီ . . . သမီးလေး"

ရေတွေအန်ထွက်အောင် ပခုံးပေါ်ထမ်း၍ ပြေးနေသော နိုင်မိုးဆွေ၏ နောက်သို့ လိုက်၍ စိုးရိမ်တကြီး ဖြစ်နေကြသည်။

"မမဒါလီ မမဒါလီ"

"သိပ်မစိုးရိမ်ပါနဲ့၊ သူမကြာခင် သတိကောင်းကောင်း ရလာမှာပါ"

မြဒါလီ ရေဆွေ အန်ထွက်သွားသောအခါ နိုင်မိုးဆွေသည် သောင်ပြင်ပေါ်သို့ ချ၍ မြဒါလီ ကို ပြုစုပေးနေရင်း ပြောလိုက်သည်။

"တောက် . . . မြသီဂီ၊ နင်လုပ်ပုံ မဟုတ်ဘူး"

မျက်နှာကို လက်နှစ်ဖက်ဖြင့်ဖိ၍ ညီမဖြစ်သူကို ဖြူရော်နေသောမျက်နှာဖြင့် ကြည့်နေသော မြသီဂီအား ဖခင်ဖြစ်သူ ဦးမိုးလွင်က ငေါက်ငမ်းလိုက်သည်။

မြသီဂီသည် သူ့ထံသို့လှမ်းကြည့်နေသော နိုင်မိုးဆွေနှင့် မျက်နှာချင်းဆုံမိသွားပြီး မျက်နှာရဲ ခနဲဖြစ်ကာ ရပ်နေရာမှ ချာခနဲလှည့်၍ တည်းခိုဆောင်ဆီသို့ ပြေးသွားတော့သည်။

"သူ ကောင်းသွားပါပြီ"

နိုင်မိုးဆွေသည် ထိုမျှသာပြောပြီး ထိုနေရာမှထပြန်ခဲ့သည်။

"မောင်ရင် . . . မောင်ရင် သမီးလေးကို ကယ်တဲ့အတွက် ဘယ်လိုများ ကျေးဇူးပြုရမလဲ ဟင်"

"ခင်ဗျာ"

နားမလည်နိုင်ဟန်ဖြင့် ဒေါ်ထက်ထက်ထွန်း၏ မျက်နှာကို နိုင်မိုးဆွေက လည်ပြန်ကြည့် လိုက်သည်။

"မင်းစကားက မဟုတ်သေးပါဘူး မထက်ရာ၊ တစ်ဖက်သားရဲ့ စေတနာကို စော်ကားလိုက် သလိုပဲ၊ မောင်ရင်လေးရယ် စိတ်မရှိပါနဲ့၊ ဦးသမီးလေးရဲ့ အသက်ကို ကယ်တဲ့အတွက် ကျေးဇူး အနန္တတင်ပါတယ်ကွယ်၊ ဦးသမီးက မင်းပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ ဦးဇနီး စကားပြော မတတ်တာကိုလဲ ခွင့်လွှတ်ပါ"

"ရပါတယ်ဦး၊ ကျွန်တော့်မှာ လူသားအချင်းချင်း ကူညီရမယ့် ဝတ္တရားရှိပါတယ်၊ ကျွန်တော် သွားလိုက်ပါဦးမယ်"

"မောင်ရင် . . . မောင်ရင်လေး"

နိုင်မိုးဆွေသည် နောက်ကြောင်းကို ယောင်၍ ပင် မကြည့်တော့ပါ။

"အဖွားကြီးက သူ့သမီးအတိုင်းပဲ စကားပြောတာ စင်ပေါ်က၊ အဲဒီလိုလူတွေလောက် ငါမုန်း တာ ဒီလောကမှာ မရှိဘူး"

နိုင်မိုးဆွေမှာ မကျေမနပ်စိတ်များဖြင့် ရင်ထဲမှာ ခိုးလိုခုလု ဖြစ်နေ၏ ။

"ဘယ်လိုကောင်လေးမှန်း မသိပါဘူး၊ လူကြီးတွေက စကားပြောနေတာကို မလေးမစားပုံစံ နဲ့"

“မင်းကိုကကော အပြောက ဟုတ်လို့လား”

“အို မထက်လဲ ရုတ်တရက်မို့ မရည်ရွယ်ဘဲ ပြောလိုက်မိတဲ့စကားပါရှင့်၊ ကဲ ထ . . . ထ သမီးဒါလီ ရေစိုအဝတ်ကြီးနဲ့၊ အဆောင်ပြန်လဲကြရအောင်”

နှင်းဝတ်ရည်နှင့် ဒေါ်ထက်ထက်ထွန်းတို့သည် မြဒါလီကို ချိုင်းတစ်ဖက်တစ်ချက်ဆီမှ တွဲထူ လိုက်ကြသည်။

“အဆုတ်ထဲ ရေဝင်သွားသလားမသိဘူး၊ ဒီကောင်မလေးကို နဂိုကတည်းကမှ ပျော့စိစိ၊ ဆရာဝန်ပြကြည့်ရမယ်”

“ဟုတ်တယ် ဖေဖေ၊ မမဒါလီကို ဆရာဝန်ပြသင့်တယ်”

အဆောင်သို့ပြန်ရောက်သောအခါ မြဒါလီကို သံတွဲမြို့ထဲက ဆရာဝန်နှင့်ပြသဖို့ ဦးမိုးလွင် တို့ ဇနီးမောင်နှံနှင့်အတူ မြသိင်္ဂီပါ လိုက်ပါသွားခဲ့ရသည်။

“သူတို့ သွားကြပြီလား ကြီးမှင်”

လှေကားထိပ်သို့ပြေးထွက်၍ နှင်းဝတ်ရည်က မေးလိုက်သည်။

“အေး . . . ခုပဲ ဂျစ်ကားတစ်စီးနဲ့ သွားကြပြီ”

“ဒါဆို ဝတ်ရည် အပြင်ကို ခဏကလေးသွားချင်လို့”

“ဟဲ့ . . . ဒါက ဘယ်ကိုသွားမှာလဲ တစ်ယောက်တည်း”

“ခဏကလေးပါ ဒေါ်ဒေါ်မှင်ကြီးရဲ့၊ ရော့ ဒီမှာ ဝတ်ရည်ရဲ့ နာရီကိုကြည့်ထား၊ ဆယ့်ငါးမိနစ်ပဲ ကြာမယ်”

နှင်းဝတ်ရည်သည် သူ့ငွေရောင် လက်ပတ်နာရီလေးကို ဒေါ်မှင်လက်ထဲသို့ ထိုးထည့်ခဲ့ပြီး တည်းခိုဆောင်ပေါ်မှ ပြေးဆင်းခဲ့တော့သည်။

“ဟဲ့ . . . ဟဲ့ . . . နှင်းဝတ်ရည်၊ ငါ့နှယ်နော် သေချင်လိုက်တာ၊

ဘယ်လိုဟာလေးတွေနဲ့ လာတွေ့နေမှန်း မသိပါဘူး”

ဒေါ်မှင်တစ်ယောက် တည်းခိုဆောင်၏ ဂရန်တာတွင် တောင်ပြေးရမလို မြောက်ပြေးရမလို ဖြင့် ကျန်ရစ်ခဲ့တော့သည်။

*